the voice of spring
15.7.2021 · Thursday · No . 76 · Daily News Pamphlet

## ကိုဗစ်ကူးစက်မှုမြင့်မားလာသဖြင့် ဂျူလိုင်(၁၇)ရက်မှ (၂၅)ရက်အထိ (၉)ရက်ခန့် စစ်ကျွန်ရုံးများပိတ်မည်

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## KNLA နှင့် တိုက်ပွဲ (၈)ကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး စစ်အုပ်စုဘက်မှ(၁၁)ဦး သေဆုံးခဲ့ဟု KNU ထုတ်ပြန်ကြေညာ

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## ပြည်သူ့ကာကွယ်ရေးတပ်မတော် စတင်ထူထောင်သည့်အချိန်မှ (၃)လအတွင်း PDF (၁၀၀၀၀)ခန့်ကို လေ့ကျင့်ထူထောင်နိုင်ရန် စီမံချက်ထား ဆောင်ရွက်လျက်ရှိပြီး ဂျူလိုင်လကုန်ခါနီး၌ စစ်သင်တန်းဆင်း၍ လေ့ကျင့်ပြင်ဆင်ပြီးသည့် PDF တပ်ဖွဲ့အင်အား(၈၀၀၀)ခန့် ရှိမည်ဟု NUG ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်က ပြောကြားခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – **RFA** မှ

## ရန်ကုန်အမျိုးသမီးထုက (၂၁)ရာစု ပန်ထွာဘုရင်မသပိတ်စစ်ကြောင်းကို ပြုလုပ်ခဲ့ကြ









ဂျူလိုင်လ(၁၄)ရက်၊ အင်ပြည့်အားပြည့် ချီတက်ပြုလုပ်ခဲ့ကြသည့် ရန်ကုန် (၂၁)ရာစုရဲ့ ပန်ထွာဘုရင်မများ အမျိုးသမီးထုသပိတ်စစ်ကြောင်းကိုတွေ့မြင်ရစဉ် -(ဓါတ်ပုံ - **CJ** )

## ကိုဗစ်တတိယလှိုင်းကြောင့် ကူးစက်ခံရသူများမှာ အကြမ်းဖက်စစ်အုပ်စု၏ အောက်ဆီဂျင်ပိတ်ဆို့ကန့်သတ်မှုကြောင့် အသက်ရှူရန်ခက်ခဲသဖြင့် ရန်ကုန်မြို့၌ တနေ့လျှင် ပြည်သူ(၅၀၀)ကျော်ခန့်အထိ သေဆုံးမှုတိုးမြင့်လျက်ရှိရာ သုသာန်များ၌ အလောင်းများ စုပုံတန်းစီးလျက်ရှိပြီး လူနာတင်ယာဉ်များကိုပါ နိဗ္ဗာန်ယာဉ်အဖြစ် အသုံးပြုနေကြရ

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## ပဲခူးမြို့ မဇင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် စစ်တပ်ကင်းစခန်းတခုတို့၌ ဗုံးပေါက်ကွဲခဲ့ပြီး ထိခိုက်သေဆုံးမှု ရှိနိုင်

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## မြန်မာ့အရေးအတွက် စစ်အုပ်စုကို ပူးပေါင်းဖိအားပေးဖို့ အာဆီယံအဖွဲ့ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## မတ်လအတွင်း မီတာခကောက်ခံရရှိမှုမှာ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ (၃)ရာခိုင်နှုန်းအောက်သာရှိပြီး ကျန်ဒေသများ၌ စုစုပေါင်း(၂၀)ရာခိုင်နှုန်းသာရှိ

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ ဂျူလိုင်(၁၃)ရက်အထိ

ကျဆုံးသူဦးရေ - ၉၀၆ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၆၇၆ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၃ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
III
15.7.2021 · Thursday · No . 76 · Daily News Pamphlet

**အရေးတော်ပုံ မုချ အောင်ရမည်**

# သတင်းမှတ်စု

ဂျူလိုင်(၁၄)ရက်၊ ၂၀၂၁

- လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသန်းဇော် အပါအဝင် တရားမဝင် အာဏာသိမ်း စစ်အုပ်စု၏ လက်အောက်ခံ ဝန်ထမ်း အကြီးအမှူး (၉) ဦးကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့ဟုသိရ။
- အမေရိကန်-အာဆီယံ နိုင်ငံခြားရေးဝန်ကြီး အထူးအစည်းအဝေးကို အွန်လိုင်း Video Conference ဖြင့် ကျင်းပခဲ့ပြီး အာဆီယံ ဘုံသဘောတူညီချက်(၅)ချက်ကို အမြန်ဆုံးအကောင်အထည်ဖော်ရန်နှင့် စစ်အုပ်စုကို ပူးပေါင်းဖိအားပေးအရေးယူဆောင်ရွက်ရန် အမေရိကန်က အာဆီယံနိုင်ငံများကို တိုက်တွန်းခဲ့ဟုသိရ။
- တရားမဝင် စစ်အုပ်စုက နိုင်ငံတော် သစ္စာဖောက်ဖျက်မှုဖြင့် ဝရမ်းထုတ် တရားစွဲထားသည့် CDM ပြုလုပ်နေသည့် ကုလမြန်မာ သံအမတ်ကြီး ဦးကျော်မိုးထွန်းကို မြန်မာနိုင်ငံတွင် လာရောက် တရား ရင်ဆိုင်ရန်အတွက် အမေရိကန်နိုင်ငံမှ မြန်မာဘက်ကို ပြန်လွှဲပေးရန် စစ်အုပ်စု နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်ဘက်ကို ထပ်ပြီး စာပို့ခဲ့ဟုသိရ။
- ကိုဗစ်ရောဂါပိုးကူးစက်မှုပြန်လည်မြင့်တက်လာသည့်အတွက် ပရဟိတအသင်းများကို ၎င်းတို့နှင့် လာရောက်ပူးပေါင်းပေးရန် စစ်အုပ်စုက ဖိအားပေးနေဟုသိရ။
- မိုးကုတ်မြို့မှ သပိတ်ခေါင်းဆောင်တဦး ဖြစ်သည့် ဦးစိုးဌေးကို စစ်အုပ်စုက ဖမ်းမမိသဖြင့် ဇနီးနှင့် သမီးတို့ကို ဓါးစားခံအဖြစ် ဖမ်းဆီး၍ ထောင်(၃)နှစ်စီချမှတ်ခဲ့ဟုသိရ။
- စစ်ကိုင်းတိုင်း မြောင်မြို့နယ်၊ ပန်းညိုကျေးရွာနေ ၂၀၁၀ကြံ့ခိုင်ရေးပါတီအမတ်ဟောင်း ဦးဝင်းနိုင်နှင့် တပည့်ဖြစ်သူတို့ နေ့လည်က ပစ်သတ်ခံရဟုသိရ။
- ကယားပြည် လွိုင်ကော်မြို့နယ် တီးလုံ ကွန်နားကျေးရွာအနီး စစ်အုပ်စုတပ်ရင်း တပ်မ ၆၆၊ ခလရ ၅၃၀ တပ်များနှင့် ကရင်နီ တပ်မတော် KA/KNPP တို့တိုက်ပွဲဖြစ်ပွားရာ စစ်အုပ်စုဘက်မှ ၁၄ ဦး သေဆုံးခဲ့ဟုသိရ။
- မြိုင် PDF နှင့် ပုလဲ PDF တို့မှတားမြစ်ပိတ်ပင်ထားသော ဘေးမဲ့သစ်တောများမှ စစ်အုပ်စုနှင့် အပေါင်းပါများ သစ်ခိုးထုတ်ယူမှုကို ဖမ်းဆီးရမိ၍မီး ရှို့ဖျက်စီးခဲ့ဟုသိရ။
- မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ ၆၂လမ်း ၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြားရှိ စည်ပင်ရုံးအတွင်း၌ နံနက် (၆) နာရီခွဲခန့်က ဗုံးပေါက်ကွဲပြီး ဆီဘောက်ဆာယာဉ် မီးလောင်ခဲ့ဟုသိရ။








- ဂျူလိုင်လ (၁၂)ရက်၊ ညနေ (၉:၂၀)မှာ ဖြစ်ပွါးခဲ့သည့် လွိုင်ကော်ခရိုင် ရဲတပ်ဖွဲ့ရုံးနှင့် EPC ရုံးဗုံးပေါက်ကွဲမှုကို KNDF မှပြုလုပ်ခဲ့ပြီး စစ်အုပ်စုတပ်ဖွဲ့ဝင်(၂)ဦး ဒဏ်ရာရရှိခဲ့ဟု ကရင်နီပြည်သူ့ကာကွယ်ရေးတပ် KNDF(loikaw zone)ကထုတ်ပြန်ခဲ့။
- တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် ရန်ကြီးအောင်လမ်းပေါ်တွင် နေ့လည်(၂)နာရီခန့်က မောင်းနှင်လာသည့် မော်တော်ယာဉ်တစင်းကို စစ်အုပ်စုက အကြောင်းမဲ့ လိုက်လံ ပစ်ခတ်ခဲ့သဖြင့် မော်တော်ယာဉ်တိမ်းမှောက်ပြီး ယာဉ်ပေါ်မှာ လိုက်ပါလာသူ (၃) ဦးသေဆုံးခဲ့ဟုသိရ။
- မန္တလေး (၆၇)လမ်းနှင့် (၁၀၂) A လမ်းထောင့်တွင် အုပ်စုဖွဲ့ တုတ်ဓားလက်နက်ကိုင်ဆောင်၍ လုယက်သူများ ရှိနေပြီး (၃) ကြိမ်ဆက်တိုက် ဆိုင်ကယ်နှင့် ငွေကြေးလုယက်ခံရမှုရှိဟုသိရ။
- လွိုင်ကော်မြို့နယ်၊ လွိုင်လင် အရှေ့ခြမ်း တီးလုံးအုပ်စု၊ ကွန်နား ၊ ဒေါ်သဟေး ကျေးရွာ ဂျူလိုင်လ ၁၂ နေ့၌ စကစ တပ်ရင်း တပ်မ ၆၆ ၊ ခလရ ၅၃၀ နှင့် ကရင်နီ တပ်မတော် အမှတ် ၃ တပ်ရင်း ၃ တို့ တိုက်ပွဲဖြစ်ပွားရာ ဒေသခံပြည်သူ ၆၀၀ နှင့် ၇၀၀ ဝန်းကျင် စစ်ဘေးရှောင်နေရဟုသိရ။
- ရန်ကုန်၊ ပန်းထွာဘုရင်မ စစ်ကြောင်း၊ အနော်ရထာ။ မန္တလေး၊ ချမ်းမြသာစည်၊ တပ်ပေါင်းစု သပိတ်၊ အောင်မြေသာစံပညာရေးကျောင်းပေါင်းစုံ၊ မန္တလေးလူငယ်၊ ကျောက်မျက်ကုန်သည်၊ ပြည်ကြီးတံခွန်ညသပိတ်၊ သံဃသမဂ္ဂ။ မြင်းခြံ။ ဘုတလင်။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံတောင်းတောင် ကျေးရွာများ။ ဒီပဲယင်းမြို့။ ကလေးမြို့။ မြိုင်။ ရေဖြူ၊ ကံပေါက်။ ပြည်။ ပုသိမ်မြို့။ သရက်ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ ကချင်၊ ဖားကန့် မြို့ လုံးခင်းအုပ်စု၊ တာမခန်နမ့်မှတီးမြို့ စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် - မဇ္ဈိမ




## နိုင်ငံတော်သစ်

ပြည်သူချစ်မှ
အာဏာသစ်မယ်
ပြည်သူမုန်းရင်
အာဏာသုဉ်းမယ်။

ဒင်းတို့ဟာ
အစလည်း မရိုး
နှောင်လည်းဆိုးမဲ့
အစိုးမရ
သူခိုးဓါးပြတွေသာ ဖြစ်တယ်။

အပစ်အခတ်မှာလည်း
ယမ်းကုန်တဲ့အထိ ရက်စက်တယ်
အညစ်အပတ်မှာလည်း
ကမ်းကုန်တဲ့အထိ ပက်စက်တယ်။

အာဏာရူးကို
ဘုရား မထူးချင်ဘူး
ကြောက်ခေတ်ကို
မှောက်ပစ်ဖို့
အသစ်က ပြန်စပြီး
အမြစ်က လှန်ကြမယ်။

**လက်ရုံးညီ**